ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
ကုန်သွယ်ရေးဝန်ကြီးဌာန

**The Government of the Union of Myanmar**

**Ministry of Trade**

# မြန်မာနိုင်ငံ ခရီးသွားလာရေး ဥပဒေ ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

# PROCEDURES RELATING TO THE MYANMAR TOURISM LAW

၁၃၅၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်
(31st. December, 1990)

# မြန်မာနိုင်ငံ ခရီးသွားလာရေး ဥပဒေ ဆိုင်ရာ
# လုပ်ထုံးလုပ်နည်းများ

# PROCEDURES RELATING TO THE MYANMAR TOURISM LAW

## ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
## ကုန်သွယ်ရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာ အမှတ် ၃၆ / ၉၀

ရန်ကုန်မြို့၊ ၁၃၅၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

(၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၁ ရက်)

**နိဒါန်း**

မြန်မာနိုင်ငံ ခရီးသွားလာရေး ဥပဒေပုဒ်မ ၃၆ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ကုန်သွယ်ရေးဝန်ကြီးဌာန သည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါ လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို မြန်မာနိုင်ငံ ခရီးသွားလာရေး ဥပဒေ ဆိုင်ရာ လုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင် ပါရှိသော စကားရပ်များသည် မြန်မာနိုင်ငံ ခရီးသွားလာရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါ စကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) ဥပဒေ ဆိုသည်မှာ မြန်မာနိုင်ငံ ခရီးသွားလာရေးဥပဒေကို ဆိုသည်၊

# The Government of the Union of Myanmar

## Ministry of Trade

## Notification No. 36/90

Yangon, Dated 31st. December, 1990

In exercise of the powers conferred under sub-section (a) of section 36 of the Myanmar Tourism Law, the Ministry of Trade with the approval of the government prescribes the following procedures:-

### CHAPTER I

### Title and Definition

1. These procedures shall be called procedures relating to the Myanmar Tourism Law

2. The expressions contained in these procedures shall have the same meanings as are assigned to them in the Myanmar Tourism Law. In addition, the following expressions shall have the meanings given hereunder:-

(a) **Law** means the Myanmar Tourism Law;

(ခ) ဝန်ကြီး ဆိုသည်မှာ ဦးစီးဌာနကိုတာဝန်ယူရသော ဝန်ကြီးဌာန၏ ဝန်ကြီးကို ဆိုသည်၊

(ဂ) ပြည်တွင်းခရီးသည် ဆိုသည်မှာ မြန်မာနိုင်ငံတွင် နေထိုင်၍ မြန်မာနိုင်ငံအတွင်း မိမိနေထိုင်ရာဒေသမှ အခြားနေရာဒေသသို့ အလည်အပတ် ခရီးထွက်သူကို ဆိုသည်၊

(ဃ) ကမ္ဘာလှည့်ခရီးသည် ဆိုသည်မှာ မိမိနေထိုင်ရာ နိုင်ငံမှ အခြားနိုင်ငံသို့ အလည်အပတ်ခရီးထွက်သူကို ဆိုသည်။ ယင်းစကားရပ်တွင် ကမ္ဘာ့ခရီးသွားလာရေးအဖွဲ့က အခါအားလျော်စွာ ကမ္ဘာလှည့်ခရီးသည်ဟုအဓိပ္ပာယ် ဖွင့်ဆိုထားခြင်း ခံရသူလည်းပါဝင်သည်၊

(င) နိုင်ငံခြားဧည့်သည် ဆိုသည်မှာ ပြည်ပမှ မြန်မာနိုင်ငံသို့ အကြောင်းကိစ္စတစ်ခုခုဖြင့် ခေတ္တလာရောက်သည့် နိုင်ငံခြားသားကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ပမှ မြန်မာနိုင်ငံသို့ ခေတ္တလာရောက်နေထိုင်သော နိုင်ငံခြားသားလည်း ပါဝင်သည်၊

(စ) ခရီးစဉ် ဆိုသည်မှာ နေရာဒေသ တစ်ခုမှ အခြားနေရာဒေသတစ်ခုသို့ အလည်အပတ် သွားလာသည့် ခရီးကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါတို့ပါဝင်သည်-

(၁) မြန်မာနိုင်ငံအတွင်း ခရီးသွားလာသူများ လည်ပတ်သည့် ပြည်တွင်းခရီးစဉ်၊

(၂) ပြည်ပမှ မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်သည့် ပြည်ဝင်ခရီးစဉ်၊

(၃) မြန်မာနိုင်ငံမှ ပြည်ပသို့ ခရီးသွားလာသူများ သွားရောက်လည်ပတ်သည့် ပြည်ပခရီးစဉ်။

*(b)* **The Minister** means the Minister of the Ministry which is responsible for the Directorate;

*(c)* **Domestic Tourist** means a person residing in Myanmar travelling from his place of residence to another place within Myanmar;

*(d)* **International Tourist** means a person travelling from his country of residence to another country for a visit. This expression also includes persons defined as international tourists by the World Tourism Organisation from time to time;

*(e)* **Foreign Visitor** means a foreigner who makes a temporary visit to Myanmar for any purpose. This expression also includes a foreigner who resides temporarily in Myanmar;

*(f)* **Tour** means a journey from one place to another for a visit. This expression also includes the followings:-

(i) *Domestic Tour* taken by tourists within Myanmar;

(ii) *Inbound Tour* taken by international tourists to Myanmar;

(iii) *Outbound Tour* taken by tourists to any place outside Myanmar;

(ဆ) **ခရီးစဉ်ဆောင်ရွက်မှုလုပ်ငန်း** ဆိုသည်မှာ ခရီးသွားလာသူများ လည်ပတ်ရန် အတွက် ခရီးစဉ် စီစဉ်ထုတ်လုပ်ခြင်း၊ ခရီးစဉ်ဖြန့်ဖြူးရောင်းချခြင်းနှင့် ခရီးစဉ်ဝန်ဆောင်မှုများ စီစဉ်ဆောင်ရွက်ခြင်း လုပ်ငန်းများကိုဆိုသည်၊

(ဇ) **ခရီးသွားကိုယ်စားလှယ်လုပ်ငန်း** ဆိုသည်မှာ ခရီးသွားလာရေးလုပ်ငန်း အတွက် ကိုယ်စားလှယ်ခံယူ၍ ခရီးစဉ် စီစဉ်ရောင်းချခြင်း၊ ဒေသဆိုင်ရာ ခရီးစဉ်ဝန်ဆောင်မှုများ နှင့် ခရီးသွားလာရေး ဝန်ဆောင်မှုများကို စီစဉ်ဆောင်ရွက်ခြင်း လုပ်ငန်းများကို ဆိုသည်၊

(ဈ) **ခရီးစဉ်ဝန်ဆောင်မှု** ဆိုသည်မှာ ခရီးသွားလာသူများအား ကြိုပို့ခြင်း၊ တည်းခိုရန် စီစဉ်ခြင်း၊ ပို့ဆောင်ခြင်း၊ လှည့်လည်ပြသခြင်း၊ စကားပြန်အဖြစ် ဆောင်ရွက်ခြင်း၊ စီစဉ်ကျွေးမွေးခြင်း၊ ဖျော်ဖြေရေး သို့မဟုတ် အပန်းဖြေရေး အတွက် စီစဉ်ခြင်းစသည့် အလားတူ ဝန်ဆောင်မှုများကို ဆိုသည်၊

(ည) **ခရီးသွားလာရေး ဝန်ဆောင်မှု** ဆိုသည်မှာ ခရီးသွား လက်မှတ်စီစဉ်ရောင်းချခြင်း၊ နိုင်ငံကူးလက်မှတ်၊ ပြည်ဝင်ဗီဇာစသည့် ခရီးသွားစာရွက်စာတမ်းများ စီစဉ်ရယူခြင်း၊ တည်းခိုရန်ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာအခန်း စီစဉ်ခြင်း စသည့် အလားတူ ဝန်ဆောင်မှုများကို ဆိုသည်၊

(ဋ) **ဧည့်သည်** ဆိုသည်မှာ ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ ၌တည်းခိုသူ သို့မဟုတ် ခရီးသွားလာရေး လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုတစ်ခုခုရယူသူကို ဆိုသည်၊

(ဌ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဈ) ပါ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်၊

(ဍ) **ဒေသဆိုင်ရာရုံး** ဆိုသည်မှာ ဦးစီးဌာန၏ ပြည်နယ်၊ တိုင်း၊ မြို့နယ်စု သို့မဟုတ် မြို့နယ်ရုံးကို ဆိုသည်။

(g) **Tour Operator Business** means producing and marketing of tour products and providing tour services;

(h) **Travel Agency Business** means selling tours, conducting regional tour services and arranging travel services as an agent;

(i) **Tour Service** means meeting and transfer, arranging for accommodation, transportation, sight-seeing, acting as an interpreter and arranging meals, entertainment or recreation and similar services for tourists;

(j) **Travel Service** means selling travel tickets, arranging travel documents such as passport, visas, arranging accommodation at hotel or lodging-house and providing similar services thereof;

(k) **Guest** means a person staying in a hotel or lodging-house or a person taking any one of the related services of tourism industry;

(l) **Director General** means the Director General of the Directorate as prescribed in sub-section (i) of section 2 of the Law;

(m) **Regional Branch Office** means offices of the Directorate in States / Divisions or Township Zones or Townships.

## အခန်း (၂)
## ခရီးလှည့်လည်ရေးလုပ်ငန်း

၃။ ခရီးစဉ်ဆောင်ရွက်မှုလုပ်ငန်း သို့မဟုတ် ခရီးသွားကိုယ်စားလှယ်လုပ်ငန်းသို့မဟုတ် ယင်းလုပ်ငန်းနှစ်ရပ်လုံး လုပ်ကိုင်လိုသူသည်လုပ်ကိုင်ခွင့်ရရှိရန် သတ်မှတ်သည့်ပုံစံဖြင့် ဦးစီးဌာနသို့ တိုက်ရိုက်ဖြစ်စေ၊ ဒေသဆိုင်ရာရုံးမှတစ်ဆင့်ဖြစ်စေ လျှောက်ထားရမည်။

၄။ ခရီးလှည့်လည်ရေး လုပ်ငန်းလုပ်ကိုင်ရန် လိုင်စင်လျှောက်ထားသူသည် အောက်ပါလိုအပ်ချက်များနှင့် ညီညွတ်ပြည့်စုံစေရမည်-

(က) လီမိတက်ကုမ္ပဏီ သို့မဟုတ် ဖက်စပ်လုပ်ငန်းအဖြစ်ဆောင်ရွက်လိုလျှင် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့်အညီ မှတ်ပုံတင်ပြီးဖြစ်ရမည်၊

(ခ) လုပ်ငန်းလုပ်ကိုင်ရန်အတွက် ရုံးခန်းအဆောက်အအုံရှိရမည်၊

(ဂ) လုပ်ငန်းတည်ထောင်ရန် ငွေကြေးအလုံအလောက်ရှိရမည်၊

(ဃ) လုပ်ငန်းကျွမ်းကျင်သူ အလုံအလောက်ရှိရမည်။

၅။ ခရီးသည်လှည့်လည်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူသည် အောက်ပါသတ်မှတ်ချက်များကိုလိုက်နာရမည်-

(က) ခရီးစဉ်များနှင့် ဝန်ဆောင်မှုများကို ရောင်းချရာတွင် ဥပဒေပုဒ်မ ၃ ပါ အခြေခံမူများနှင့် ညီညွတ်ရမည်၊

(ခ) ခရီးစဉ်နှင့် ဝန်ဆောင်မှုဈေးနှုန်းများကို ထုတ်ပြန်သည့်အခါ ယင်းတို့နှင့်သက်ဆိုင်သည့် စည်းကမ်းချက်နှင့်သတ်မှတ်ချက်များကို တစ်ပါတည်း ဖော်ပြထားရမည်

## CHAPTER II

### Tourist Enterprise

3. A person desirous of carrying on tour operator business or travel agency business or both shall apply for a licence in the prescribed form directly to the Directorate or through a regional branch office.

4. Any person applying for a licence to carry on tourist enterprise shall have the following requirements:-

(a) registered in accordance with the Myanmar Companies Act if it is a limited company or joint-venture;

(b) an office to carry on the business;

(c) sufficient financial means to set up the business;

(d) a sufficient number of skilled labour.

5. The licence-holder of tourist enterprise shall abide by the following terms:-

(a) selling of tours and services shall be in accordance with the basic principles under section 3 of the Law;

(b) terms and conditions of tours and services shall be published together with the tour tariff;

(ဂ) လိုင်စင်ကို လုပ်ငန်းတည်နေရာ၏ မြင်သာသောနေရာ တွင် ထင်ရှားစွာ ချိတ်ဆွဲထားရမည်၊

(ဃ) မိမိလုပ်ငန်းတွင် ပိုင်ရှင် သို့မဟုတ် စီမံအုပ်ချုပ်သူ အပြောင်းအလဲရှိလျှင်ဖြစ်စေ၊ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း လုပ်ငန်းတည်နေရာ ပြောင်းရွှေ့လျှင်ဖြစ်စေ ဦးစီးဌာန သို့မဟုတ် ဒေသဆိုင်ရာရုံးသို့ ၁၄ ရက်အတွင်း စာဖြင့်တင်ပြ အကြောင်းကြားရမည်၊

(င) လုပ်ငန်းတည်နေရာကိုစည်ပင်သာယာရေး နယ်နိမိတ်ပြင်ပသို့ ပြောင်းရွှေ့လိုလျှင်ဖြစ်စေ၊ လုပ်ငန်းရုံးခွဲ တိုးချဲ့လိုလျှင် ဖြစ်စေ ဦးစီးဌာန သို့မဟုတ် ဒေသဆိုင်ရာရုံးသို့ စာဖြင့် တင်ပြ၍ ခွင့်ပြုချက်ရယူရမည်၊

(စ) မိမိလုပ်ငန်းက ရောင်းချပေးသော ခရီးစဉ်များနှင့် ဝန်ဆောင်မှုများကို ဈေးနှုန်းနှင့်တကွ ကြေညာရမည်၊

(ဆ) အပိုဒ်ခွဲ(စ)အရ ကြေညာသည့်အခါ မဟုတ်မမှန်သော သို့မဟုတ် တစ်နည်းနည်းဖြင့် လှည့်ဖြားသော အချက်အလက်များ မပါဝင်စေရ၊

(ဇ) အပိုဒ်ခွဲ (စ) အရ ကြေညာသည့်အခါ လိုင်စင်တွင် ဖော်ပြထားသည့် အမည်နှင့် လုပ်ငန်းတည်နေရာ အပြည့်အစုံကို ဖော်ပြရမည်၊

(ဈ) လိုင်စင်ရရှိသူနှင့် ဧည့်သည်တို့ အပြန်အလှန်လိုက်နာရမည့် စည်းကမ်းချက်များကို ရေးဆွဲကြေညာထားရမည်၊

(ည) မိမိလုပ်ငန်းအတွက် လိုင်စင်ရ ဧည့်လမ်းညွှန်၊ လိုင်စင်ရ ပို့ဆောင်ရေးယာဉ်တို့ကိုသာ ငှားရမ်းသုံးစွဲရမည်၊

(ဋ) ကမ္ဘာလှည့်ခရီးသည်များနှင့် နိုင်ငံခြား ဧည့်သည်များကို လိုင်စင်ရ ဟိုတယ်နှင့် တည်းခိုရိပ်သာများတွင်သာ နေရာချထားပေးရမည်၊

(c) licence shall be displayed in a conspicuous manner within the place of business;

(d) shall notify in writing within 14 days to the Directorate or regional branch office on changes of the proprietor or manager or location of office within the limit of municipality;

(e) shall apply for a permission in writing to the Directorate or regional branch office if the place of business is to be moved outside the limit of municipality or if the branch office of business is to be extended;

(f) tariff shall be published together with the tour programmes and services offered by the enterprise;

(g) when any advertisement is published under paragraph (f) it shall not contain either false or misleading statement in one way or another;

(h) when any advertisement is published under paragraph (f) the name of enterprise and its place of business as contained in the licence shall be fully mentioned;

(i) shall publish conditions to be mutually observed by the licence-holder and guest;

(j) shall employ or engage only the services of licenced tour guides and vehicles for the business;

(k) shall provide accommodation for the tourists and foreign visitors only at the licenced hotels and lodging-houses;

(ဃ) လုပ်ငန်းဆိုင်ရာ စာရင်းဇယား၊ ငွေစာရင်း ရှင်းတမ်းနှင့် မှတ်တမ်းများကို ဦးစီးဌာန သို့မဟုတ် ဒေသဆိုင်ရာရုံးသို့ သတ်မှတ်ချက်နှင့် အညီ တင်ပြရမည်၊

(င) ဦးစီးဌာနနှင့် ဒေသဆိုင်ရာရုံးက အခါအားလျော်စွာ ထုတ်ပြန်သတ်မှတ်သည့် စည်းကမ်းချက်များနှင့် ညွှန်ကြားချက်များကိုလည်း လိုက်နာရမည်။

## အခန်း (၃)

## ဟိုတယ်လုပ်ငန်းနှင့် တည်းခိုရိပ်သာလုပ်ငန်း

၆။ ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်း လုပ်ကိုင်လိုသူသည် လုပ်ကိုင်ခွင့်ရရှိရန် သတ်မှတ်သည့်ပုံစံဖြင့် ဦးစီးဌာနသို့ တိုက်ရိုက်ဖြစ်စေ၊ ဒေသဆိုင်ရာရုံးမှတစ်ဆင့်ဖြစ်စေ လျှောက်ထားရမည်။

၇။ ဦးစီးဌာနသည် ဟိုတယ်လုပ်ငန်းနှင့် တည်းခိုရိပ်သာလုပ်ငန်း ဆိုင်ရာ အမျိုးအစား၊ အဆင့်အတန်းများကို သတ်မှတ်ပေးရမည်။

၈။ ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်း လုပ်ကိုင်ရန် လိုင်စင် လျှောက်ထားသူသည် အောက်ပါ လိုအပ်ချက်များနှင့် ညီညွတ်ပြည့်စုံရမည်–

(က) တည်းခိုရိပ်သာဖြစ်လျှင် သက်ဆိုင်ရာဒေသ စည်ပင်သာယာရေးအဖွဲ့မှ ထုတ်ပေးသည့် လိုင်စင်ကိုရရှိပြီး ဖြစ်ရမည်၊

(ခ) လီမိတက်ကုမ္ပဏီ သို့မဟုတ် ဖက်စပ်လုပ်ငန်းအဖြစ် ဆောင်ရွက်လိုလျှင် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေနှင့်အညီ မှတ်ပုံတင်ရမည်၊

(l) shall submit the statement of account, records and returns to the Directorate or regional branch office as prescribed;

(m) shall abide by the conditions and directives prescribed and issued by the Directorate from time to time.

## Chapter III

## Hotel and Lodging-house Business

6. A person desirous of operating a hotel or lodging-house business shall apply for a licence in the prescribed form directly to the Directorate or through a regional branch office.

7. The Directorate shall prescribe the types and classifications of hotel and lodging-house.

8. Any person applying for a licence to operate a hotel or lodging-house shall have the following requirements:-

(a) licence issued by the township municipal concerned if it is a lodging-house;

(b) registered in accordance with the Myanmar Companies Act if it is a limited company or joint-venture;

(ဂ) ဦးစီးဌာနက ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာအတွက် သတ်မှတ်သည့် အနည်းဆုံးလိုအပ်ချက်များနှင့် ညီညွတ်ပြည့်စုံစေရမည်၊

(ဃ) ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာသည် သန့်ရှင်းမှုရှိပြီး ကျန်းမာရေးနှင့် ညီညွတ်ကြောင်း သက်ဆိုင်ရာဌာန၏ ထောက်ခံချက်ကို တင်ပြနိုင်ရမည်၊

(င) လုပ်ငန်းတည်ထောင်ရန် ငွေကြေးအလုံအလောက်ရှိရမည်၊

(စ) လုပ်ငန်းကျွမ်းကျင်သူ အလုံအလောက်ရှိရမည်။

၉။ ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူသည် အောက်ပါသတ်မှတ်ချက်များကို လိုက်နာရမည်-

(က) ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများကို ဆောင်ရွက်ရာတွင် ဥပဒေပုဒ်မ ၃ ပါ အခြေခံမူများနှင့် ညီညွတ်ရမည်၊

(ခ) ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုနှင့် အစားအသောက် ဈေးနှုန်းများကို ထုတ်ပြန်သည့်အခါ ယင်းတို့နှင့်သက်ဆိုင်သည့် စည်းကမ်းချက်များနှင့် သတ်မှတ်ချက်များကို တစ်ပါတည်းဖော်ပြထားရမည်၊

(ဂ) ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာတွင် ဦးစီးဌာန၏ သတ်မှတ်ချက်များအတိုင်း ပြည့်စုံစွာ ဖြည့်ဆည်း ထားရှိရမည်၊

(ဃ) လိုင်စင်ကို ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ၏ ဧည့်ကြိုကောင်တာ သို့မဟုတ် ထင်ရှားမြင်သာသော နေရာတွင် ချိတ်ဆွဲထားရမည်၊

*(c)* minimum requirements for a hotel or lodging-house, as prescribed by the Directorate shall be fulfilled;

*(d)* certificate for the standard of health and hygiene for the hotel or lodging-house by the Department concerned;

*(e)* sufficient financial means to establish the business;

*(f)* a sufficient number of skilled labour.

9. The licence-holder of hotel or lodging-house business shall abide by the following terms:-

*(a)* services provided by the hotel or lodging-house business shall be in accordance with the basic principles under section 3 of the Law;

*(b)* shall publish terms and conditions together with the price-list of food and services offered by the hotel or lodging-house;

*(c)* the hotel or lodging-house shall be fully equipped with the terms as prescribed by the Directorate;

*(d)* the licence shall be displayed at the reception counter or at a conspicuous place in the hotel or lodging-house;

*(e)* shall notify in writing within 14 days to the Directorate or regional branch office if there is change of the proprietor or manager of hotel or lodging-house;

*(f)* shall apply for permission in writing to the Directorate or regional branch office if the type and classification of hotel or lodging-house is to be changed;

*(g)* shall publish the price-list of food and services offered by hotel or lodging-house in a conspicuous manner;

*(h)* in complying with under sub-paragraph (g) the name and place of its business contained in the licence shall be fully mentioned;

*(i)* in complying with under sub-paragraph (g) it shall not contain either false or misleading statements in one way or another;

*(j)* shall publish conditions to be mutually observed by licence-holder and guest;

*(k)* the conditions to be observed by the guests shall be displayed at a conspicuous place;

*(l)* shall employ or engage only the services of licenced tourist enterprise, tour guides and vehicles;

၁၁။ ခရီးသွားလာသူများ ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ရန် လိုင်စင်လျှောက်ထားသူသည် အောက်ပါလိုအပ်ချက်များနှင့် ညီညွတ်ပြည့်စုံရမည်-

(က) လီမိတက်ကုမ္ပဏီ သို့မဟုတ် ဖက်စပ်လုပ်ငန်းအဖြစ် ဆောင်ရွက်လိုလျှင် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့် အညီ မှတ်ပုံတင်ပြီးဖြစ်ရမည်၊

(ခ) ဦးစီးဌာနက သတ်မှတ်သည့် စည်းကမ်းချက်များနှင့် ညီညွတ်သည့် မော်တော်ယာဉ် သို့မဟုတ် ရေယာဉ် ဖြစ်ရမည်။

၁၂။ ခရီးသွားလာသူများ ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည် အောက်ပါသတ်မှတ်ချက်များကို လိုက်နာရမည်-

(က) ပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများကို လက်ခံဆောင်ရွက်ရာတွင် ဥပဒေပုဒ်မ ၃ ပါ အခြေခံမူများနှင့် ညီညွတ်ရမည်၊

(ခ) မော်တော်ယာဉ် သို့မဟုတ် ရေယာဉ်ဖြင့် ပို့ဆောင်ရေးလုပ်ငန်းလိုင်စင် ရယူဆောင်ရွက်သူများသည် လိုင်စင်ရ ခရီးလှည့်လည်ရေးလုပ်ငန်းမှ တစ်ဆင့်ဖြစ်စေ၊ လိုင်စင်ရ ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်းမှ တစ်ဆင့် ဖြစ်စေ ဆက်သွယ်၍ ခရီးသွားလာသူများကို ပို့ဆောင်ပေးရမည်၊

(ဂ) လိုင်စင်ရ မော်တော်ယာဉ် သို့မဟုတ် ရေယာဉ်ကိုသာ အသုံးပြု၍ ပို့ဆောင်ပေးရမည်၊

(ဃ) ဧည့်သည်တင်ဆောင်ခွင့်ပြုသည့် မော်တော်ယာဉ် သို့မဟုတ် ရေယာဉ်တွင် လိုင်စင်ဆိုင်ရာ တံဆိပ်အမှတ်အသားကို မော်တော်ယာဉ် သို့မဟုတ် ရေယာဉ်၏ မြင်သာသောနေရာ၌ ချိတ်ဆွဲထားရမည်၊

11. Any person applying for a licence to carry on tourist transport business shall have the following requirements:-

(*a*) registered in accordance with the Myanmar Companies Act if it is a limited company or joint-venture;

(*b*) motor vehicles or water craft shall conform to the standard and conditions prescribed by the Directorate.

12. The licence-holder of tourist transport business shall abide by the following terms:-

(*a*) provision of services by the tourist transport business shall be in accordance with the basic principles under section 3 of the Law;

(*b*) transport service for the tourist shall be engaged either through licenced tourist enterprise or hotel or lodging-house;

(*c*) shall use only licenced motor vehicles or water craft;

(*d*) sticker in respect of licence shall be displayed at a conspicuous place in a motor vehicle or in a water craft;

(င) ယာဉ်ငှားရမ်းခနှုန်းများကို အများမြင်သာသောနေရာတွင် ချိတ်ဆွဲထားရမည်၊

(စ) လုပ်ငန်းပိုင်ရှင် သို့မဟုတ် စီမံအုပ်ချုပ်သူ အပြောင်းအလဲ ရှိလျှင် ယင်းအပြောင်းအလဲနှင့်စပ်လျဉ်း၍ ၁၄ ရက်အတွင်း ဦးစီးဌာန သို့မဟုတ် ဒေသဆိုင်ရာရုံးသို့ စာဖြင့် တင်ပြ အကြောင်းကြားရမည်၊

(ဆ) လုပ်ငန်းတည်နေရာကို စည်ပင်သာယာရေးနယ်နိမိတ် ပြင်ပသို့ပြောင်းရွှေ့လိုလျှင်ဖြစ်စေ၊ လုပ်ငန်းရုံးခွဲ တိုးချဲ့လို လျှင်ဖြစ်စေ ဦးစီးဌာန သို့မဟုတ် ဒေသဆိုင်ရာရုံးသို့စာဖြင့် တင်ပြ၍ ခွင့်ပြုချက်ရယူရမည်၊

(ဇ) လိုင်စင်ရ မော်တော်ယာဉ် သို့မဟုတ် ရေယာဉ်သည် ကုန်း လမ်းညွှန်ကြားမှုဦးစီးဌာနနှင့် ရေကြောင်းညွှန်ကြားမှုဦးစီး ဌာနတို့မှတင်ဆောင်ရန်ခွင့်ပြုသည့် ခရီးသည်ဦးရေထက် ပိုမိုတင်ဆောင်ခြင်း မပြုရ၊

(ဈ) လုပ်ငန်းဆိုင်ရာ စာရင်းဇယား၊ ငွေစာရင်းရှင်းတမ်းနှင့် မှတ်တမ်းများကို ဦးစီးဌာန သို့မဟုတ် ဒေသဆိုင်ရာရုံးများ သို့ သတ်မှတ်ချက်နှင့် အညီ တင်ပြရမည်၊

(ည) ဦးစီးဌာနနှင့် ဒေသဆိုင်ရာရုံးက အခါအားလျော်စွာ ထုတ်ပြန်သတ်မှတ်သည့် စည်းကမ်းချက်များနှင့် ညွှန်ကြား ချက်များကိုလည်း လိုက်နာရမည်။

## အခန်း (၅)

## ဧည့်လမ်းညွှန်လုပ်ငန်း

၁၃။ ဧည့်လမ်းညွှန်လုပ်ငန်းလုပ်ကိုင်လိုသူသည် လုပ်ကိုင်ခွင့်လိုင်စင်ရ ရှိရန်သတ်မှတ်ထားသည့် ပုံစံဖြင့် ဦးစီးဌာနသို့ဖြစ်စေ၊ ဒေသဆိုင်ရာရုံးမှ တစ်ဆင့် ဖြစ်စေ လျှောက်ထားရမည်။

*(e)* rates for hire shall be displayed at a conspicuous place;

*(f)* shall notify in writing within 14 days to the Directorate or regional branch office if there is any change of the proprietor or manager;

*(g)* shall apply for a permission in writing to the Directorate or regional branch office if there is a change of address of its place of business or establishment of any other place of business outside the limit of municipality;

*(h)* licenced motor vehicle or water craft shall not carry the passengers more than the number as prescribed by Department of Road Transport Administration and Department of Marine Administration;

*(i)* shall submit the statement of account, records and returns as prescribed to the Directorate or regional branch office;

*(j)* shall abide by the conditions and directives prescribed and issued by the Directorate and regional branch office from time to time.

## CHAPTER V

## Tour Guide Business

13. A person desirous of carrying on tour guide business shall apply for a licence in the prescribed form directly to the Directorate or through a regional branch office.

၁၄။ နည်းလမ်းညွှန်လုပ်ကိုင်ရန် လိုင်စင်လျှောက်ထားလိုသူသည် အောက်ပါ လိုအပ်ချက်တစ်ခုခုနှင့် ညီညွတ်ပြည့်စုံရမည်-

(က) မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဖွင့်လှစ်သည့် နည်းလမ်းညွှန်ဆိုင်ရာသင်တန်းသို့ တက်ရောက်အောင်မြင်ပြီးသူဖြစ်ရမည်၊

(ခ) နည်းလမ်းညွှန်သင်တန်းတက်ရောက်ရန် အရည်အချင်းပြည့်မီသည်ဟု မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းက သတ်မှတ်ခြင်းခံရသူဖြစ်ရမည်၊

(ဂ) ဦးစီးဌာနက အသိအမှတ်ပြုသော နည်းလမ်းညွှန်ဆိုင်ရာ အခြားသင်တန်းတစ်ခုခုကို တက်ရောက်အောင်မြင်ပြီးသူဖြစ်ရမည်။

၁၅။ အပိုဒ် ၁၄ အပိုဒ်ခွဲ(ခ)အရ၊ လျှောက်ထားပြီးလိုင်စင်ရရှိသူသည် မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကစီစဉ်ဖွင့်လှစ်သည့် နည်းလမ်းညွှန်သင်တန်းသို့ ဦးစီးဌာနက သတ်မှတ်သည့် အချိန်ကာလတွင် တက်ရောက်ရမည်။

၁၆။ နည်းလမ်းညွှန်လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူသည် အောက်ပါ သတ်မှတ်ချက်များကို လိုက်နာရမည်-

(က) နည်းလမ်းညွှန် လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများကို လက်ခံဆောင်ရွက်ရာတွင် ဥပဒေပုဒ်မ ၃ ပါ အခြေခံမူများနှင့် ညီညွတ်စေရမည်၊

(ခ) လိုင်စင်ရခရီးလှည့်လည်ရေးလုပ်ငန်းကဖြစ်စေ၊ လိုင်စင်ရဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာကဖြစ်စေ စီစဉ်ပေးသော ခရီးစဉ်ဝန်ဆောင်မှုများကို စီစဉ်ဆောင်ရွက်ရမည်၊

(ဂ) ခရီးစဉ်ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ဦးစီးဌာနက သတ်မှတ်ထားသော နည်းလမ်းညွှန်ကျင့်ဝတ်များကိုလိုက်နာရမည်၊

2. Type of Business

*(a)* Hotel business ☐

*(b)* Lodging-house business ☐

3. Particulars of Hotel/ Lodging-house

*(a)* Name of owner and hotel/lodging-house

*(b)* Date of establishment and Registration No.

*(c)* Address of hotel/lodging-house
(communication instruments such as telephone, telex, fax etc.)

*(d)* Location and land area of hotel / lodging-house

*(e)* Building

(1) Number of floors

(2) Number of bedrooms per floor
(Bathroom according to the type of bedroom, toilet, air-condition, hot and cold water system etc.)

(3) Floor space of public area, facilities
(lobby, public telephone etc.)

(4) Reception counter (Yes / No )

(5) Restaurant, dining hall, coffee shop, bar
(Yes / No )

(6) Conference hall, banquet hall (Yes / No )

(7) Kitchen

(8) Year of building completed

၄။ ဖွဲ့စည်းမည့် အဖွဲ့အစည်း ပုံသဏ္ဍာန်

(က) တစ်ဦးတည်းပိုင်လုပ်ငန်း ☐

(ခ) အစုစပ်လုပ်ငန်း ☐

(ဂ) လီမိတက်ကုမ္ပဏီ သို့မဟုတ် ဖက်စပ် ☐

(ဃ) သမဝါယမ ☐

၅။ (က) လုပ်ငန်းကျွမ်းကျင်သည့် လုပ်သားဦးရေ ..........

(ခ) အခြား လုပ်သားဦးရေ ..........................

(ဂ) စုစုပေါင်းလုပ်သားဦးရေ .........................

၆။ မတည်ငွေရင်း ပမာဏ

၇။ အထောက်အထားများကို အောက်ပါအတိုင်း ပူးတွဲတင်ပြအပ်ပါသည်-

(က) ဘဏ်ရှင်းတမ်း၊

(ခ) လီမိတက်ကုမ္ပဏီ သို့မဟုတ် ဖက်စပ်ဖြစ်ပါက မှတ်ပုံတင်လက်မှတ် မိတ္တူမှန်၊

(ဂ) အစုစပ်လုပ်ငန်းဖြစ်ပါက စာချုပ်မိတ္တူမှန်၊

(ဃ) လုပ်ငန်းကျွမ်းကျင်သည့် လုပ်သားတစ်ဦးချင်း၏ အမည် ပညာအရည်အချင်းနှင့် လုပ်ငန်းအတွေ့အကြုံကို ဖော်ပြသည့်စာရင်း၊

(င) လုပ်သားများတွင် ကူးစက်ရောဂါ ကင်းရှင်းကြောင်း ကျန်းမာရေး အထောက်အထားများ

(စ) မီးဘေး ကြိုတင်တားဆီးရေး အစီအမံများနှင့် မီးလောင်မှု ဖြစ်ပွားပါက တည်းခိုသူများအတွက် လုံခြုံရေး အစီအမံများ။

4. Form of Enterprise

(a) Sole proprietorship ☐

(b) Partnership ☐

(c) Limited Company or Joint-Venture ☐

(d) Co-operative ☐

5. (a) Number of skilled employees ..................................

(b) Number of other employees ......................................

(c) Total number of employees........................................

6. Amount of capital

7. I herewith attach the following supporting documents:-

(a) bank statement;

(b) a true copy of registration certificate if it is a limited company or joint-venture;

(c) a true copy of partnership agreement if it is a partnership;

(d) the list of name, educational qualification and experience of each skilled employee;

(e) health certificate for employees free from contagious disease;

(f) fire precaution and safety measures for guests.

၈။ အထက်ဖော်ပြထားသည့် အချက်အလက်များသည် ပြည့်စုံမှန်ကန်ပါကြောင်းနှင့် မြန်မာနိုင်ငံ ခရီးသွားလာရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဦးစီးဌာနက သတ်မှတ်ထားသော စည်းကမ်းချက်များအတိုင်း ဟိုတယ်လုပ်ငန်း/ တည်းခိုရိပ်သာလုပ်ငန်းကို လုပ်ကိုင်မည်ဖြစ်ပါကြောင်း ဝန်ခံဂတိပြုပါသည်။

လက်မှတ်၊ .................

အမည်၊ ....................

တာဝန်၊ ...................

18. After satisfactory scrutiny of application submitted under paragraph 17 as prescribed by the Directorate shall issue the licence with Form (5).

19. The conditions to be mentioned in the licence shall be prescribed by the Directorate. These conditions shall be stipulated in the licence.

20. The tenure of licence and licence fee shall be as prescribed by the Directorate.

21. The licence-holder shall apply for the renewal of licence if he wishes to continue the business 60 days prior to the date of expiry with Form (6) to the Directorate.

22. The Directorate shall, after satisfactory scrutiny of the application submitted under paragraph 21, issue a new licence if it is in conformity with the terms prescribed by the Directorate and when the prescribed licence fee has been paid.

23. The Director General may after scrutiny issue the duplicate copy of the licence in the case of missing or damage upon the application and the receipt of fine by the licence-holder.

24. The Director General shall inform in writing to the person concerned in connection with the refusal, suspension revocation and cancellation of licence with effective date and reasons under sub-section (g) of section 13 of the Law.

၂၅။ ခရီးသွားလာရေးလုပ်ငန်း တစ်ခုခုအတွက် လိုင်စင်ရရှိသူနှင့် လိုင်စင်အသစ် လဲလှယ်ပေးရန် လျှောက်ထားသူတို့သည် လိုင်စင်ကြေး၊ လိုင်စင်အသစ် လဲလှယ်ကြေးနှင့် အခြားပေးဆောင်ရန်ရှိသော အခွန်အခများကို ဦးစီးဌာနက သတ်မှတ်သည့် ငွေစာရင်းခေါင်းစဉ်ဖြင့် သက်ဆိုင်ရာဘဏ်သို့ ပေးသွင်းရမည်။

## အခန်း (၇)

## ငွေရေးကြေးရေး ကိစ္စ

၂၆။ လိုင်စင်ရရှိသူသည် ခရီးသွားလာရေး လုပ်ငန်းနှင့် စပ်လျဉ်း၍ ငွေစာရင်းများနှင့် မှတ်တမ်းများကို ပြည့်စုံမှန်ကန်စွာ ရေးသွင်းပြုစုထားရှိရမည်။

၂၇။ လိုင်စင်ရရှိသူသည် သက်ဆိုင်ရာဘဏ်တွင် နိုင်ငံခြားငွေစာရင်းကိုလည်းကောင်း၊ ကျပ်ငွေစာရင်းကိုလည်းကောင်း ဖွင့်လှစ်ရမည်။

၂၈။ ခရီးလှည့်လည်ရေးလုပ်ငန်း သို့မဟုတ် ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်း လိုင်စင်ရရှိသူသည် နိုင်ငံခြားငွေကြေးများ လက်ခံရယူခြင်း၊ လဲလှယ်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သက်ဆိုင်ရာဘဏ်သို့ ပေးသွင်းခြင်းတို့နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ နိုင်ငံခြားငွေကြေးများဝယ်ယူသည့် လုပ်ငန်းလိုင်စင်ကို ကြိုတင်ရယူပြီး၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရမည်

25. Licence fee, licence renewal fee and other taxes shall be paid to the bank concerned under the account head as prescribed by the Directorate.

## Chapter VII

## Financial Matters

26. The licence-holder shall keep true and correct accounts relating to his business.

27. The licence-holder shall open a foreign currency account and a kyat account with the bank concerned.

28. Licenced tourist enterprise or hotel or lodging-house business shall obtain Money Changer licence beforehand in respect of purchasing foreign currency, encashment, holding and remitting foreign currency to the bank concerned in accordance with the existing laws, rules and directives issued by the Central Bank of Myanmar from time to time.

## အခန်း (၈)

## စစ်ဆေးခြင်း၊ အရေးယူခြင်း

၂၉။ ခရီးသွားလာရေးလုပ်ငန်းများကို စစ်ဆေးသည့်အခါ စစ်ဆေးရေးမှူး တစ်ဦးတည်းကဖြစ်စေ၊ ဦးစီးဌာနက ဖွဲ့စည်းပေးသည့် စစ်ဆေးရေးအဖွဲ့ကဖြစ်စေ စစ်ဆေးနိုင်သည်။

၃၀။ စစ်ဆေးရေးအဖွဲ့ သို့မဟုတ် စစ်ဆေးရေးမှူးသည်-

(က) လိုင်စင်ရရှိသူက လုပ်ကိုင်လျက်ရှိသည့် ခရီးသွားလာရေးလုပ်ငန်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့် လည်းကောင်း၊ ဦးစီးဌာနက သတ်မှတ်ပေးသည့် စည်းကမ်းချက်များနှင့် လည်းကောင်း ညီညွတ်မှုရှိ မရှိ စစ်ဆေးရမည်၊

(ခ) အပိုဒ်ခွဲ (က)အရ စစ်ဆေးရာတွင် ဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ် သို့မဟုတ် ဦးစီးဌာနက သတ်မှတ်သည့် စည်းကမ်းချက် သို့မဟုတ် သတ်မှတ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြ၍ ဆောင်ရွက်ရမည်။ လိုအပ်ပါက ပြစ်မှုကျူးလွန်သူအား ဥပဒေအရ တရားစွဲဆိုနိုင်ရေး အတွက် စီစဉ်ဆောင်ရွက်ရမည်။

၃၁။ စစ်ဆေးရေးမှူး သို့မဟုတ် စစ်ဆေးရေးအဖွဲ့က ဥပဒေပုဒ်မ ၁၆ အရခရီးသွားလာရေးလုပ်ငန်းတစ်ခုခုကို စစ်ဆေးသည့်အခါ လိုင်စင်ရရှိသူကဖြစ်စေ၊ စီမံအုပ်ချုပ်သူကဖြစ်စေ ကြန့်ကြာမှုမရှိစေဘဲ စစ်ဆေးခြင်းကို ခံယူရမည်။

## CHAPTER VIII

### Inspection and Taking of Action

29. An inspector or an inspection team formed by the Directorate may inspect the business of tourism industry.

30. An inspector or an inspection team:-

(a) shall inspect whether or not a licence-holder has complied with the provisions prescribed by the Law and conditions in respect of his business as prescribed by the Directorate;

(b) on inspection made under sub-paragraph (a), whoever is found guilty of violating any of the provisions of Law or any conditions prescribed by the Directorate or any of the prescribed terms, it shall be submitted to the Director General. If necessary, measures shall be taken to prosecute the offender in accordance with the Law.

31. The licence-holder or manager shall submit to inspection without delay for one of the business of tourism industry by an inspector or inspection team under section 16 of the Law.

## အခန်း (၉)

## အယူခံခြင်း

၃၂။ ဥပဒေပုဒ်မ ၂၀ အရ အယူခံရာတွင် အယူခံအကြောင်းပြချက်နှင့် အတူဦးစီးဌာန၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် မိတ္တူမှန် ပူးတွဲပါရှိရမည်။

၃၃။ ဥပဒေပုဒ်မ ၂၁ အရ ဆုံးဖြတ်ချက်ကို ဝန်ကြီးဌာနက သက်ဆိုင်သူထံသို့ စာဖြင့် အကြောင်းကြားရမည်။

## အခန်း (၁၀)

## အထွေထွေ

၃၄။ လိုင်စင်ရရှိသူသည် ခရီးသွားလာရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ မိမိရရှိထားသော လိုင်စင်နှင့် အကျုံးဝင်သည့် စီးပွားရေးလုပ်ငန်းနှင့် ဝန်ဆောင်မှုကိုသာ လက်ခံဆောင်ရွက်ရမည်။

၃၅။ ဦးစီးဌာနသည် ခရီးသွားလာရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ကျင့်ဝတ်ဆိုင်ရာ စံနှုန်းများကို အကြံပြုနိုင်သည်။

၃၆။ မြန်မာနိုင်ငံ ခရီးသွားလာရေး ဥပဒေအရ အရေးယူဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ဤလုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားခြင်း မရှိလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်နိုင်သည်။

(ပုံ) ဗိုလ်မှူးချုပ် အေးဘယ်လ်
ဝန်ကြီး
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ကုန်သွယ်ရေးဝန်ကြီးဌာန

## CHAPTER IX

### Appeals

32. An appeal shall be submitted under section 20 of the Law together with grounds of appeal and a true copy of such order or decision made by the Directorate.

33. The Ministry shall inform in writing to the person concerned the decision under section 21 of the Law.

## CHAPTER X

